စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများညီလာခံ
ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲ (တယ်လီဖုန်းဆွေးနွေးပွဲ ) မှတ်တမ်း / ၈

ရက်စွဲ ။ ။ မေလ(၈)ရက် ၊ စနေနေ့ ၊ ၂၀၁၀

**ဆွေးနွေးပွဲတက်ရောက်သူများ**

(၁) ကိုရဲထွဋ်
(၂) Dr-ခင်စိန်
(၃) မခင်စန်းနွယ်
(၄) ကိုဝေထွန်း
(၅) ကိုဇော်ကိုနိုင်
(၆) ကိုဇော်နေမျိုး
(၇) ကိုစိုးမိုး
(၈) ကိုဇော်ဇော်
(၉) ကိုထွန်းလှိုင်
(၁၀) ကိုစိုင်း
(၁၁) ကိုကိုလေး
(၁၂) ကိုမင်းနိုင်
(၁၃) ကိုခိုင်အောင်ကျော်
(၁၄) ကိုကျော်သူရှိန်
(၁၅) ကိုရာဇာ
(၁၆) ကိုဌေးတင့် (နယ်သာလန်နိုင်ငံမှဆွေးနွေးသည် )
(၁၇) ကိုဇော်ဇော် ( ကနေဒါနိုင်ငံမှဆွေးနွေးသည် )
(၁၈) ကိုတင်ထွဋ် (ကနေဒါနိုင်ငံမှဆွေးနွေးသည် )
(၁၉) ကိုထွန်းအောင်ကျော်
(၂၀) ကိုမျိုးအေး
(၂၁) ကိုမိုးသီဟ
(၂၂) ကိုခွန်ထွန်းတောက်
(၂၃) ကိုလတ်
(၂၄) ကိုတင်ကိုကိုဦး
(၂၅) ကိုနေနွယ် ( လူထုတိုက်ပွဲကော်မတီ -၂၀၁၀/ (၂၁)ဦးကော်မတီဝင် - ထိုင်းနိုင်ငံမှ ဆွေးနွေးသည် )
(၂၆) မငုဝါကျော်
(၂၇) ကိုအောင်ကျော်စိုး
(၂၈) ကိုသက်ထွန်း
(၂၉) ကိုလှစိုး( Oregon)
(၃၀) ကိုအောင်သန်း (ခွင့်တိုင်ကြားသည်)

** Conference Call Detail Report : အရ ဆွေးနွေးပွဲတက်ရောက်သူ(၃၆) ဦးရှိသည် ။ (၆)ဦးမှာ ဆွေးနွေးပွဲတက်ရောက်ကြောင်း အကြောင်းမကြားချေ ။*

အခမ်းအနားမှူး ။ ။ ကိုရဲထွဋ် ၊ ကိုဇော်ဇော် (ကနေဒါ)
မှတ်တမ်း ။ ။ ကိုဇော်ကိုနိုင် ၊ ကိုလတ်

ဆွေးနွေးသည့် အကြောင်းအရာများ

(၁) ကိုယ်ရေးရာဇဝင်တင်သွင်းရန်ဆိုသည့်ကိစ္စ ။
(၂) Web Conference ကိစ္စ ။
(၃) ညီလာခံအစီအစဉ်တွင်ဖြည့်စွက်လိုသည့်ကိစ္စ။
(၄) မလေးရှားညီလာခံအခြေအနေ ။ လူထုတိုက်ပွဲကော်မတီ(၂၀၁၀)၏ အခြေအနေနှင့်လုပ်ငန်းစဉ်များ ၎င်းတို့နှင့်ဆွေးနွေးခဲ့သည့် ကိစ္စရပ်များ ။
(၅) ညီလာခံတက်ရောက်မည့်သူများ၏ ခန့်မှန်းချေစာရင်းကို တင်ပြရန်ကိစ္စ ။
(၆) ညီလာခံကျင်းပရေးကော်မတီ၏ အစီရင်ခံတင်ပြချက် ။
(၇) အမေရိကန်အစိုးရနှင့်ဆွေးနွေးရေးကိစ္စ ။
(၈) ညီလာခံမှထုတ်ပြန်မည့် ကြေညာချက်နှင့်ပတ်သက်သည့်ကိစ္စ ။ (ထုတ်ပြန်ကြေညာချက်တွင် ပါဝင်သင့်သည့်အချက်အလက်များ) ။
- အထွေထွေ ။
    - နအဖ စစ်အစိုးရအား ဖြုတ်ချနိုင်မည့် နည်းလမ်းများအားဆွေးနွေးခြင်း ။

ဆွေးနွေးဆုံးဖြတ်ချက်များ

(၁) ကိုယ်ရေးရာဇဝင်တင်သွင်းရန်ဆိုသည့်ကိစ္စ ။

- မေလ(၁)ရက်နေ့ တယ်လီဖုန်းဆွေးနွေးပွဲမှတ်တမ်းတွင် (ညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များအနေဖြင့် ကိုယ်ရေးရာဇဝင် တင်သွင်းသင့်သည်)ဆိုသည့် ရေးသားထားခြင်းအား ပြန်လည်ပြင်ဆင်ရေးသားရန် ဆွေးနွေးခဲ့ကြသည် ။
* ညီလာခံသို့တက်ရောက်မည့် ကိုယ်စားလှယ်များအနေဖြင့် ကိုယ်ရေးရာဇဝင် တင်သွင်းပါရန် တိုက်တွန်းသည် ။ ချွင်းချက်အနေဖြင့် အကြောင်းကြောင်းကြောင့် ကိုယ်ရေးရာဇဝင် မတင်သွင်းနိုင်လျှင်လည်း ညီလာခံမှ နားလည်လက်ခံသည်ဟု ပြန်လည်ပြင်ဆင်ရေးသားရန် ဆွေးနွေးဆုံးဖြတ်သည် ။

(၂) Web Conference ကိစ္စ ။

- ညီလာခံမတိုင်ခင် တပတ်အလိုတွင် (Web Conference) အတွက် အစမ်းလေ့ကျင့်ထားရန်လိုအပ်သည်။ နည်းပညာပိုင်းဆိုင်ရာကိစ္စများအား ကိုကိုလေးမှ တာဝန်ယူဆောင်ရွက်နေပါသည် ။ ထို့ကြောင့် (Web Conference) ဖြင့် တက်ရောက်မည့် နိုင်ငံတကာမှ ရဲဘော်များအနေဖြင့် ဝင်ရောက်ဆွေးနွေးမည့်သူ၏ အမည်၊ (email) လိပ်စာများအား အောက်ပါရဲဘော်များထံသို့ ပေးပို့ကြပါရန် တိုက်တွန်းနိုးဆော်သည် ။
ကိုကိုလေး (kokophoto@yahoo. com)
ကိုဇော်ကိုနိုင် (zaw_kk@yahoo.com)

(၃) ညီလာခံအစီအစဉ်တွင်ဖြည့်စွက်လိုသည့်ကိစ္စ။

- ညီလာခံတွင် နိုင်ငံခြားသားများအား ဖိတ်ကြားမည်ဖြစ်ရာ ဘာသာပြန်အဖွဲ့အား ဖွဲ့စည်းထားရန် လိုအပ်သည် ။
- နိုင်ငံရေးသုံးသပ်ချက်စာတမ်းများအား ကြိုတင် တင်သွင်းရန် ဖိတ်ခေါ်ဖို့လိုအပ်သည် ။
- ညီလာခံအခမ်းအနား အစီအစဉ်ရေးဆွဲရေး အလုပ်အဖွဲ့ထံသို့ အခမ်းအနားအစီအစဉ်နှင့် ပတ်သက်၍ အကြံပြုချက်များ ပေးပို့ကြပါရန် ဖိတ်ခေါ်သည် ။
    - ကိုရဲထွန်း (yehtut@yahoo.com)
    - ကိုကိုလေး (kokophoto@yahoo. com)
    - ကိုဇော်ကိုနိုင် (zaw_kk@yahoo.com)

(၄) မလေးရှားညီလာခံအခြေအနေ ။ လူထုတိုက်ပွဲကော်မတီ(၂၀၁၀)၏ အခြေအနေနှင့်လုပ်ငန်းစဉ်များ ၎င်းတို့နှင့်ဆွေးနွေးခဲ့သည့် ကိစ္စရပ်များ ။

- ကိုထွန်းအောင်ကျော် မှ မလေးရှားညီလာခံ အခြေအနေနှင့် ညီလာခံ၏ ဆုံးဖြတ်ချက်များအား ဆွေးနွေးတင်ပြသည် ။
- လူထုတိုက်ပွဲကော်မတီ(၂၀၁၀) နှင့် တွေ့ဆုံဆွေးနွေးခဲ့မှုများကိုလည်း ဆွေးနွေးတင်ပြသည် ။

- လူထုတိုက်ပွဲကော်မတီ(၂၀၁၀)၏ (၂၁) ဦးကော်မတီဝင် ကိုနေနွယ်မှ လူထုတိုက်ပွဲကော်မတီ(၂၀၁၀)၏ အခြေအနေ ၊ နိုင်ငံရေးလုပ်ငန်းများ ၊ ရည်ရွယ်ချက်များအား ရှင်းလင်းဆွေးနွေးတင်ပြသည် ။ နိုင်ငံရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆက်စပ်လုပ်ကိုင်ကြရန် အပြန်အလှန် ဆွေးနွေးခဲ့ကြသည် ။

(၅) ညီလာခံတက်ရောက်မည့်သူများ၏ ခန့်မှန်းချေစာရင်းကို တင်ပြရန်ကိစ္စ ။

- ညီလာခံသို့တက်ရောက်မည့်သူများ၏ ခန့်မှန်းချေစာရင်းအား ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီမှ ညီလာခံမကျင်းပမီတပတ်အလိုတွင် စာရင်းပြုစုတင်ပြရန်ဖြစ်သည် ။

(၆) ညီလာခံကျင်းပရေးကော်မတီ၏ အစီရင်ခံတင်ပြချက် ။

- ရန်ပုံငွေများလက်ခံရရှိနေပြီဖြစ်သည် ။ အခမ်းအနားပြင်ဆင်ရေး၊ နေရာချထားရေး၊ ဧည့်ခံကြိုဆိုရေး စသည့်ညီလာခံကျင်းပရေးကိစ္စများနှင့်ပတ်သက်သည်များကို တတ်နိုင်သမျှစီစဉ်ပြီးဖြစ်သည် ။
- ညီလာခံကျင်းပရေးကော်မတီအနေဖြင့် အခက်အခဲ လိုအပ်ချက်များရှိပါက ညီလာခံဖြစ်မြောက်ရေးကော်မတီသို့ တင်ပြရန်လိုအပ်သည် ။ တင်ပြစေချင်သည် ။
- ကျင်းပရေးကော်မတီအနေဖြင့် ညီလာခံလုံခြုံရေးအဖွဲ့အား ဖွဲ့စည်းထားရန်လိုအပ်သည် ။

(၇) အမေရိကန်အစိုးရနှင့်ဆွေးနွေးရေးကိစ္စ ။

- နောက်တပတ်တွင် ဆွေးနွေးရန်ဖြစ်သည် ။

(၈) ညီလာခံမှထုတ်ပြန်မည့် ကြေညာချက်နှင့်ပတ်သက်သည့်ကိစ္စ ။ (ထုတ်ပြန်ကြေညာချက်တွင် ပါဝင်သင့်သည့်အချက်အလက်များ) ။

- ညီလာခံတွင်ထုတ်ပြန်မည့် ထုတ်ပြန်ကြေညာချက်တွင် ပြတ်သားသည့် တင်ပြမှုပုံစံဖြင့် ရေးသားတင်ပြသင့်သည် ။ ထိုကြေညာချက်တွင် ပါဝင်သင့်သည့် အချက်အလက်များ၊ ရေးသားသင့်သည်များကို ဆွေးနွေးပြင်ဆင် စီစဉ်ထားရန်လိုအပ်သည် ။

အထွေထွေ

- နအဖစစ်အစိုးရအား မည်သို့ဖြုတ်ချကြမည်နည်း ။ စစ်အစိုးရအား ဖြုတ်ချနိုင်မည့် နည်းလမ်းများအားဆွေးနွေး တင်ပြခဲ့ကြသည် ။

---